# 3 မူလတန်းကျောင်း.အလယ်တန်းကျောင်း

### 3-7 မိဘဆရာအသင်း PTA

ကျောင်းတွင်PTAဟုခေါ်သောအုပ်ထိန်းသူနှင့်ဆရာကတွေ့ဆုံသည့်အသင်းရှိသည်။ ကျောင်းတက်နေသောကလေး၏မိဘနှင့်ကျောင်းဆရာများကလက်တွဲ၍ကလေးများအတွက်အမျိုးမျိုးလှုပ်ရှားမှုများဆောင်ရွက်သည့်အသင်းဖြစ်သည်။

### 3-8 မူလတန်းကျောင်းသားများအား ကျောင်းချိန်ပြင်ပကြည့်ရှုစောင့်ရှောက်ခြင်း (Gakudo Club ၊ Jido Club)

နေ့အချိန်အိမ်တွင်အုပ်ထိန်းသူမရှိသည့်မူလတန်းကလေးငယ်(မူလတန်း၁တန်းမှ၃တန်းကလေး)များအတွက်ကျောင်းဆင်းချိန်တွင် အသုံးပြုရန်ရာနေရာအဖြစ် အသက်အရွယ်နှင့်သင့်တော်သောကစားနည်းကစားခြင်းအားဖြင့် စိတ်ရောကိုယ်ပါကျန်းမာသန်စွမ်းအောင် စောင့်ရှောက်မှုပေးသည့် နေရာဖြစ်သည်။ အသေးစိတ်ကို H ကလေးမွေးဖွားခြင်း ၊ကလေးစောင့်ရှောက်ခြင်း 5-2 မူလတန်းကျောင်းသားများအား ကျောင်းချိန်ပြင်ပကြည့်ရှုစောင့်ရှောက်ခြင်း တွင်ကြည့်ပါ။

### 3-9 အလယ်တန်းကျောင်းပြီးလျှင်

အလယ်တန်းကျောင်းပြီးလျှင် ကျောင်းဆက်တက်လိုပါက အမျိုးမျိုးသောနည်းလမ်းများရှိသည်။ အထက်တန်းကျောင်း၊ နည်းပညာကောလိပ်တွင်ပညာဆက်သင်မည်။ သက်မွေးပညာသင်ကျောင်း၊ အခြားစာသင်ကျောင်း၊ အတတ်ပညာသင်ကျောင်းသို့ ဆက်တက်မည်။ (သို့) အလုပ်လုပ်ကိုင်ရင်း ညကျောင်း အ‌ပေးသင်စနစ် အထတ်တန်းကျောင်းများတွင် ဆက်လက်ပညာသင်ကြားနိုင်သည်။